# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## သီလဝါပြန်လည်နေရာချထားရေးနေရာရှိလူထုဖွံ့ဖြိုးရေးစင်တာ တည်ဆောက်မှုအတွက် လစဉ် အစည်းအဝေး (၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂ ရက်)



MJTD၊အတိုင်ပင်ခံအဖွဲ့၊ဆောက်လုပ်ရေးကုမ္ပဏီနှင့်IRPအဖွဲ့တို့ သည် ၂၀၁၆ခုနှစ်နိုဝင်ဘာလ၂ရက်နေ့တွင်MJTDရုံး၌မနက်၉း၃၀မှ၁၀း၃၀အထိသီလဝါပြန်လည်နေရာချထားရေးနေရာရှိလူထုဖွံ့ဖြိုးရေးစင်တာတည်ဆောက်မှုအတွက်လစဉ်ပုံမှန်အစည်းအဝေးကိုကျင်းပခဲ့ကြပါသည်။ ဆောက်လုပ်ရေးကုမ္ပဏီမှလစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခြင်း၊ ရာသီဥတုကြောင့်နောက်ကျသွားသော အခြေအနေတစ်ခုအတွက် ပြန်လည်ရေးဆွဲထားသည့် အချိန်ဇယား အစီအစဉ်ကိုဆွေးနွေးတင်ပြခဲ့ပါသည်။MJTDမှဆောက်လုပ်ရေးကုမ္ပဏီကို တတ်နိုင်သမျှမြန်မြန်ပြီးအောင်ကြိုးစားဆောင်ရွက်ပေးရန်သတိပေးပြောဆိုခဲ့ပါသည်။ဆောက်လုပ်ရေးကုမ္ပဏီသည်လျှပ်စစ်မီတာတပ်ဆင်ရန်အတွက်ခွင့်ပြုချက်ရရှိပြီးဖြစ်ပြီးလျှပ်စစ်ဌာနနှင့်ပူးပေါင်းကာဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## လူထုဖွံ့ဖြိုးရေးစင်တာ တည်ဆောက်မှုအတွက် လစဉ် နှင့် အပတ်စဉ် အစည်းအဝေး (၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂ရက်)




MJTD၊အတိုင်ပင်ခံအဖွဲ့၊ဆောက်လုပ်ရေးကုမ္ပဏီနှင့်IRPအဖွဲ့တိုသည် ၂၀၁၆ခုနှစ်နိုဝင်ဘာလ၂ရက်နေ့တွင်MJTDရုံး၌မနက်၁၀း၃၀မှ၁၁း၃၀အထိသီလဝါ ပြန်လည်နေရာချထားရေးနေရာရှိရေစင်တည်ဆောက်မှုအတွက်လစဉ်ပုံမှန်အစည်းအဝေးကို ကျင်းပခဲ့ကြပါသည်။အောက်တိုဘာလ၂၀ရက်နေ့စမ်းသပ်ချက်အရ ၇ရက်သက်တမ်းရှိသောကွန်ကရစ်၏ကြံ့ခိုင်မှုကို လက်ခံနိုင်ကြောင်း နှင့် ဆောက်လုပ်ရေးကုမ္ပဏီမှကွန်ကရစ်လောင်းခြင်းကို စတင်နိုင်ပြီဖြစ်ပါသည်။ နိုဝင်ဘာလ၁၀ရက်နေ့တွင်ကွန်ကရစ်အရည်အသွေးကို အတည်ပြုနိုင်ရန်အတွက် ၂၈ရက်သက်တမ်းရှိသောကွန်ကရစ်၏ကြံ့ခိုင်မှုကိုစမ်းသပ်မည်ဖြစ်ပါသည်။ အတိုင်ပင်ခံအဖွဲ့သည်ရေနုတ်မြောင်းအဖုံးများ၊ပိုက်လိုင်းများနှင့်ရေနုတ်မြောင်းပြုပြင်ခြင်းအစရှိသောလုပ်ငန်းများကိုလည်းထပ်တိုးလုပ်ဆောင်ပေးရန်ပြောကြားခဲ့ပါသည်။ဆောက်လုပ်ရေးကုမ္ပဏီမှလည်း ထပ်တိုးလုပ်ငန်းများအတွက်ကုန်ကျမည့်စရိတ်များကို တင်ပြရမည်ဖြစ်ပါသည် ။

## Monthly progress meeting about the construction of the Community Center in the resettlement area of Thilawa SEZ on 2 Nov 2016



Monthly progress meeting about the construction of the community center in the relocation area of Thilawa SEZ was held from 9:30 AM to 10:30 AM on November 2, 2016 at MJTD's meeting room with the Client, the Consultant, the Contractor and IRP team. The contractor explained the monthly progress and submitted the revised schedule. The client reminded the contractor to try as quickly as possible. The contractor already got the permission for electric meter installation and they will coordinate with the electrical department for installation.

## Monthly progress meeting about water supply system in the resettlement site of Thilawa SEZ on 2 Nov 2016



Monthly progress meeting for the project of water supply in resettlement area of Thilawa SEZ was held with MJTD, the consultant, the contractor and IRP team from 10:30 AM to 11:30 AM on November 2, 2016 at MJTD office. The result of 7-day compression strength test for trial mix held in 20th Oct, 2016 is acceptable and the contractor can start concrete work. 28 days compression strength test has to be held at 10th Nov, 2016 for the confirmation of concrete quality. The consultant requested the additional works such as installation of drain covers, additional pipe line and drain repairing works. WEG will submit the quotations for additional works.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## သီလဝါအထူးစီးပွားရေးဇုန်နှင့် ပတ်ဝန်းကျင်ရှိ လူထုအပေါ် လူမှုစီးပွားနှင့်ပတ်သက်သည့်အကျိုးသက်ရောက်မှုများကို အတည်ပြုရန်အတွက် မြို့နယ် ၊ရပ်ကွက်၊ကျေးရွာအုပ်စုအလိုက် အုပ်ချုပ်ရေးမှူးများ ၊ ရွာသားများနှင့် တွေ့ဆုံခြင်း (၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၈ ရက်နေ့အထိ)




၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ဒီဇင်ဘာလ၈ရက်နေ့အထိ သန်လျင်/ကျောက်တန်းမြို့နယ်တစ်ခုချင်းစီမှအုပ်ချုပ်ရေးမှူးများ၊သီလဝါအထူးစီးပွားရေးဇုန်အနီးအနားရှိရွာများမှရွာသားများ၊ရေကြောင်းတက္ကသိုလ်နှင့်မိုးကြိုးစွမ်းဘုန်းကြီးကျောင်းမှတာဝန်ရှိပုဂ္ဂိုလ်များ၊စက်ရုံအချို့မှမန်နေဂျာနှင့်ဝန်ထမ်းများတို့ နှင့်တွေ့ဆုံကာသီလဝါအထူးစီးပွားရေးဇုန်ကြောင့်အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍တွေ့ဆုံမေးမြန်းခဲ့ပါသည်။သီလဝါအထူးစီးပွားရေးဇုန်အတွင်းဒေသခံလူထုအတွက်အလုပ်အကိုင်အခွင့်အလမ်းများစွာရှိကြောင်းတွေ့ရှိရပါသည်။ တိုက်ရိုက်သက်ရောက်မှုအနေဖြင့်မြေယာသိမ်းယူခြင်း/ပြန်လည်နေရာချထားခြင်း၊ရွာထဲသို့ပြောင်းရွှေ့အလုပ်သမားများဝင်ရောက်မှုရှိသကဲ့သို့ယာဉ်ကြောပိတ်ဆို့ခြင်း၊ယာဉ်မတော်တဆမှုများအစရှိသည့်သွယ်ဝိုက်သက်ရောက်မှုများနှင့်အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ကွဲပြားသည့်ထင်မြင်ယူဆချက်များကိုလည်း ရွာတစ်ရွာခြင်းစီမှ ကြားသိခဲ့ရပါသည်။

## မြေယာသိမ်းယူခြင်းနှင့်ပြန်လည်နေရာချထားရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပခြင်း (၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်)




၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပသော မြေယာသိမ်းယူခြင်းနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ ဆွေးနွေးပွဲ ဂျိုက်ကာနှင့်မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာနတို့မှ ပူးပေါင်းပါဝင်ကျင်းပခဲ့ကြပါသည်။သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၊မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန၊ဂျိုက်ကာ၊ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၊ထားဝယ်အထူးစီးပွားရေးဇုန်၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်မြန်မာ့မီးရထားဌာနတို့မှတာဝန်ရှိသူများသည် မြေယာသိမ်းယူခြင်း၊ပြန်လည်နေရာချထားရေးနှင့်မူလဝင်ငွေသို့ပြန်လည်ရောက်ရှိစေရေးနှင့်သက်ဆိုင်သော အတွေ့အကြုံများကို မျှဝေရန်အတွက် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြပါသည်။ ထို့အပြင်တက်ရောက်သူများမှမြို့ပြပတ်ဝန်းကျင်တွင်မြေယာသိမ်းယူခြင်းနှင့်ပြန်လည်နေရာချထားရေးဆိုင်ရာအလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။

## Meeting with Township level, Village Tract/Ward level, Villagers and other Stakeholders to confirm socio-economic impact on communities in Thilawa SEZ and its environment (from 22 Nov to 8 Dec)




Meeting with related governmental departments in Thanlyin and Kyauktan Township, Village Tract/Wards Administrators in each Township, Villagers in corresponding Villages in and nearby Thilawa SEZ and other Stakeholders such as Myanmar Maritime University, Moe Gyoe Swan Monastery, some locators and employees in some factories to grasp impacts on their villages/wards due to Thilawa SEZ by asking questionnaires prepared for each category of Stakeholders. It was found that there have been more job opportunities for local people in Thilawa SEZ. On the other hand, direct adverse impact for example land acquisition/ resettlement, influx of migrant workers to villages concerned, indirect adverse impacts for example traffic congestion, traffic accidents, etc… and different opinion on Thilawa SEZ by each village were heard.

## Land Acquisition and Resettlement Seminar on 5 December 2016



The Seminar was conducted in collaboration with Thilawa Special Economic Zone Management Committee (TSEZMC), JICA and Myanmar Centre for Responsible Business (MCRB) on 5$^{th}$ December, 2016. Participants are from TSEZMC, MCRB, JICA, MOC, MJTD, DaweiSEZ, Myanmar Post and Telecommunication and Myanmar Railway and they shared the experience of Land Acquisition, Resettlement and Income Restoration Program. Moreover, the participants discussed about “Good Practice Approaches to Land Acquisition & Resettlement In Peri-Urban and Urban Environments”.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649